# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၁၇)
# လူများစု ဆန္ဒနှင့် အုပ်ချုပ်သည့်စနစ်ကို ပြန်လှန်ထိမ်းကျောင်းသည့် ရှုဒေါင့်မှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချဉ်းကပ်ခြင်း

ဒီမိုကရေစီ ဆိုတာကို ရိုးရိုးကလေးပြောရရင် လူများစုဆန္ဒနဲ့ အညီ ရွေးကောက်တင်မြှောက် ခြင်းခံရသူတွေက လူထုကိုပြန်လည်အုပ်ချုပ်တဲ့စနစ် **Majoritarian System** ကို ဆိုလိုတာပါဘဲ။ ဒီ စနစ်မှာ အားနည်းချက်တွေရှိတာတော့ အမှန်ပါ။ ဒါပေမယ့် အဲဒါကို ထောက်ပြ၊ လူများစုဆန္ဒကို ဥပက္ခာပြု၊ ဘယ်လို ရွေးကောက်ပွဲ တခုတလေကိုမှ မကျင်းပဘဲ ယနေ့ခေတ်ကာလမှာ လူတစုက အုပ်ချုပ်လို့ တိုးတက်၊ တည်ငြိမ်၊ ငြိမ်းချမ်း၊ သွားတဲ့တိုင်းပြည်ဆိုတာ ကမ္ဘာမှာ တနိုင်ငံမှုမရှိပါဘူး။ လူများစုကို ကိုယ်စားပြုသူတွေက အုပ်ချုပ်တဲ့စနစ်ရဲ့ အားနည်းချက်တွေကို ထိမ်းကျောင်းနိုင်ဘို့ အတွက် လူ့သမိုင်းမှာ လူတွေဟာနည်းပေါင်းစုံနဲ့ ဆက်လက်ကြိုးစားလာကြတယ်။ အဲဒီ အခါမှာ လူများစုကိုကိုယ်စားပြုတဲ့ အုပ်ချုပ်ရေးသမားတွေ မဟုတ်တာလုပ်လာရင် ထိမ်းကျောင်းနိုင်အောင် တန်ပြန်တဲ့စနစ် **Counter Majoritarianism** ကို ကျင့်သုံးလာကြပါတယ်။ အဲဒီ စနစ်ရဲ့ အားကောင်းချက် အားနည်းချက်တွေကို အရင်လေ့လာပြီးမှ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ အညီ ကျင့်သုံးသင့်မသင့်ဆိုတာကို ဆုံးဖြတ်ဘို့လိုမှာဖြစ်ပါတယ်။

လူများစုဆန္ဒနဲ့ အညီ ရွေးကောက်တင်မြှောက်ခြင်းခံရသူတွေကို ပြန်လည်စီစစ်တဲ့အခါမှာ လူထုကကြိုက်လို့ မဲထည့်ပေမယ့် လိုအပ်တဲ့ အရည်အချင်းနဲ့ ပြည့်မှီသူတွေ ရှိနိုင်သလို၊ မပြည့်မှီသူတွေလဲ ရှိနိုင်တယ်။ အရည်အချင်းနဲ့ ပြည့်စုံပေမယ့် အကြောင်းကြောင်းကြောင့် လူထုက မကြိုက်တဲ့အတွက် မဲမထည့်လို့ရွေးကောက်မခံရသူ တွေလဲ တပုံကြီးရှိပါတယ်။ ဒါကြောင့် ရွေးကောက်တင်မြှောက်ခြင်းခံရသူတွေက အုပ်ချုပ်တဲ့စနစ်ကို တဘက်က ခိုင်ခိုင်မာမာ ကျင့်သုံးသွားတာနဲ့ တပြိုင်တည်းမှာ အရည်အချင်းနဲ့ ပြည့်စုံတယ်လို့ယူဆရတဲ့ တရားသူကြီးတွေကို ရွေးချယ်ခန့်အပ်၊ လွတ်လပ်တဲ့တရားစီရင်ရေးစနစ်ကို အခိုင်အမာတည်ဆောက်၊ လူထုကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတဲ့လွှတ်တော်တွေက ပြုလိုက်တဲ့ ဥပဒေတွေအပေါ် ပြန်လည်သုံးသပ်၊ အစိုးရအာဏာပိုင်တွေရဲ့ လုပ်ဆောင်ချက်တွေကို စီစစ်စတဲ့ အလုပ်တွေကို လုပ်ဆောင်လာစေပါတယ်။ ဒါကို အကျဉ်းချုပ်အားဖြင့် တိုင်းပြည်အုပ်ချုပ်တဲ့ အစိုးရရဲ့လုပ်ဆောင်ချက်တွေအပေါ် တရားစီရင်ရေးပိုင်းဆိုင်ရာက ပြန်လည်သုံးသပ်တဲ့ အခွင့်အာဏာရယ်လို့ ခေါ်ဝေါ်ကြတယ်။

၁၉ ရာစုနှစ် အစပိုင်းမှာ အမေရိကန်ပြည်ထောင်စုရဲ့ တတိယ သမတဖြစ်ခဲ့တဲ့ သောမတ်စ် ဂျက်ဖါဆင်က အဲဒီ အခွင့်အာဏာကို ကန့်ကွက်ခဲ့တယ်။ အကြောင်းပြချက်ကတော့ လူထုက ရွေးချယ်တင်မြှောက်ခြင်းခံရသူတွေနဲ့ ဖွဲ့စည်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက ပြုလိုက်တဲ့ ဥပဒေတွေကို ရွေးချယ်တင်မြှောက်မခံရသူတွေနဲ့ ဖွဲ့စည်းထားတဲ့တရားသူကြီးတွေကပယ်ဖျက်တာဟာ ဒီမိုကရေစီမှာမသင့်တော်ဘူးရယ်လို့ ဖြစ်ပါတယ်။ ဒါပေမယ့် နှစ်ဆယ်ရာစုနှစ် ကုန်ပိုင်းရောက်လာတဲ့ အချိန်မှာတော့ အမေရိကန်ပြည်ထောင်စု အပါအဝင် တိုင်းပြည်အတော်များများမှာ တရားစီရင်ရေးပိုင်းဆိုင်ရာက ပြန်လည်သုံးသပ်တဲ့ အခွင့်အာဏာကို ကျင့်သုံးလာခဲ့ကြတယ်။ ပါလီမန်ရဲ့ အချုပ်အခြာအာဏာပိုင်စိုးမှု သဘောတရားအောက်မှာ ဗြိတိသျှကိုလိုနီပြုခံခဲ့ရတဲ့ ကရစ်ဘီယန်နိုင်ငံ တွေသည်ပင်လျှင် ဗြိတိသျှ ပုံစံကနေ ခွဲထွက်လာခဲ့ကြတယ်။ တရားစီရင်ရေးပိုင်းဆိုင်ရာက ပြန်လည်သုံးသပ်တဲ့ အခွင့်အာဏာကို ကျင့်သုံးလာခဲ့ကြတယ်။

လွတ်လပ်တဲ့တရားစီရင်ရေးစနစ်တည်ထောင်တဲ့ အခြေခံကနေ တရားသူကြီးတွေရဲ့ အခွင့်အာဏာ ပိုမိုတိုးချဲ့ကျင့်သုံးလာတာကို ဒီမိုကရေစီရဲ့ တတိယလှိုင်းအဖြစ် တင်စားခေါ်ဝေါ်လာကြပါတယ်။ ဆိုဗီယက် ရုရှပြိုကွဲသွားပြီးတဲ့နောက်ပေါ်ပေါက်လာခဲ့တဲ့ နိုင်ငံတိုင်းနီးပါးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတွေတည်ထောင်ပြီး တရားစီရင်ရေးပိုင်းဆိုင်ရာက ပြန်လည်သုံးသပ်တဲ့ အခွင့်အာဏာတွေ အပ်နှင်းလာကြတယ်။ အရှေ့အာရှမှာဆိုရင် ကိုရီးယား၊ ထိုင်ဝမ်၊ မွန်ဂိုးလီးယား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ စတဲ့နိုင်ငံတွေမှာ ကျင့်သုံးနေကြပါပြီ။ ကိုရီးယားကို အအောင်မြင်ဆုံးနိုင်ငံအဖြစ် ပညာရှင်တွေကအသိအမှတ်ပြုကြတယ်။ ဒါကြောင့်လဲ စစ်ဗိုလ်ချုပ်ကြီးပတ်ခြံဟီး အာဏာသိမ်းအုပ်ချုပ်ခဲ့တဲ့အောက်မှာပင် စီးပွားရေးတိုးတက်မှု အခြေခံဖန်တည်းပေးနိုင်ခဲ့တဲ့ ကိုရီးယားကို နအဖက ဘယ်လောက်ဘဲ အားကျပေမယ့် ဘယ်တော့မှဖြစ်လာမှာ မဟုတ်ပါ။ ဘာကြောင့်လဲဆိုတော့ လွတ်လပ်တဲ့တရားစီရင်ရေးစနစ် တည်ထောင်ဘို့နဲ့ ပြန်လည်သုံးသပ်တဲ့ အခွင့်အာဏာကို ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ အညီ တရားရုံးတွေကို အပ်နှင်းဘို့ကို နအဖက ဘယ်တော့မှ လုပ်ဆောင်ပေးရဲမှာ မဟုတ်တာကြောင့် ဖြစ်ပါတယ်။

လွတ်လပ်တဲ့ တရားစီရင်ရေး စနစ်တည်ရှိကျင့်သုံးတာဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီတွေကို ဆွဲဆောင်စေတဲ့အတွက် တိုင်းပြည်စီးပွားရေး တိုးတက်မှုကို အထောက်အကူပြုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကုမ္ပဏီတွေအနေနဲ့ အစိုးရအာဏာပိုင်တွေနဲ့ အငြင်းပွားမှုတွေ ဖြစ်လာတဲ့အခါ တရားစီရင်ရေးမဏ္ဍိုင်ကို အားကိုးတိုင်တန်းနိုင်တာကြောင့်ပါဘဲ။ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်ဟာ နိုင်ငံရေးချိန်ခွင်ရှာကိုလဲ ထိမ်းညှိပေးနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ လွှတ်တော်ထဲမှာ အနိုင်ရ နိုင်ငံရေးပါတီက အင်အားသိတ်ကြီးနေပြီး အတိုက်အခံပါတီက သေးငယ်နေတဲ့အခါ ကြုံတွေ့ရလေ့ရှိတဲ့ နိုင်ငံရေးအနိုင်ကျင့်မှုတွေအပေါ် လွတ်လပ်တဲ့တရားရုံးတွေကို အားကိုးပြီး ခုခံနိုင်လို့လည်းဖြစ်ပါတယ်။ လွတ်လပ်တဲ့ တရားစီရင်ရေး စနစ်တည်ရှိကျင့်သုံးခြင်းရဲ့အဓိက အကျိုးအမြတ်ကတော့ဥပဒေစိုးမိုးမှုအခြေခံကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်တဲ့ အချက်ပါဘဲ။

တရားစီရင်ရေးပိုင်းဆိုင်ရာကနေ ပြန်လည်သုံးသပ်တဲ့ အခွင့်အာဏာကို တိုင်းပြည်တခုခြင်းစီမှာ ကျင့်သုံးဘို့ဖြစ်တယ်ဆိုတဲ့ အဆင့်ကနေ ယနေ့အချိန်မှာဆိုရင် နိုင်ငံတကာအဆင့်မှာပင် ကျင့်သုံးသင့်သလားဆိုတာကို ဆွေးနွေးငြင်းခုံလာနေကြပါပြီ။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အခန်း (၇) အရ နိုင်ငံတကာ ငြိမ်းချမ်းမှုနဲ့ လုံခြုံမှုကို ထိမ်းသိမ်းဘို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ဆောင်ရွက်တဲ့ ကိစ္စတွေမှန်ကန်မှု ရှိမရှိကို၊ နိုင်ငံတကာ တရားရုံးက ပြန်လည်သုံးသပ်သင့်မသင့် အလေးထား စဉ်းစားလာနေကြပြီ ဖြစ်ပါတယ်။

တရားစီရင်ရေးရဲ့အခန်းကဏ္ဍကြီးမားလာမှုနဲ့ အရှိန်အဟုန်မြင့်လာပုံကို လက်တင်အမေရိကနိုင်ငံတွေက အတွေ့အကြုံတချို့နဲ့ တင်ပြပါမယ်။ တကယ်တော့ လက်တင်အမေရိကနိုင်ငံတွေက တရားရုံးတွေအများစုမှာ ရွေးချယ်တင်မြှောက်ပွဲတွေနဲ့ အာဏာရလာကြတဲ့ နိုင်ငံရေးခေါင်းဆောင်တွေကို ဆန့်ကျင်ပြီး အရေးယူနိုင်ခွင့်အာဏာအပ်နှင်းခံရတာ နည်းပါးပါတယ်။ ဒီ အကြားထဲကဘဲ အဲ့သြစရာကောင်းလောက်အောင် စွမ်းဆောင်လာနိုင်မှုတွေကြောင့်တရားရုံးတွေကို နိုင်ငံရေးအရ အရေးကြီးတဲ့ အဆောက်အအုံတွေအဖြစ် အသိအမှတ်ပြုလာကြရတယ်။ သာဓကအားဖြင့် ပြောရမယ်ဆိုရင် အာဂျင်တီးနားနဲ့ ဘိုလီးဗီးယားက တရားသူကြီးတွေဟာ လူ့အခွင့်အရေး ချိုးဖေါက်မှုကျူးလွန်တဲ့ စစ်ခေါင်းဆောင်တွေကိုအရေးယူ စစ်ဆေးအပြစ်ပေးနိုင်ဘို့ ကြိုးပမ်းမှုတွေ ပြုခဲ့တယ်။ ဘရာဇီး၊ ဘိုလီးဘီးယား၊ ဗင်နီဇွဲလားနဲ့ အာဂျင်တီးနားက တရားသူကြီးတွေဟာ ၎င်းတို့နိုင်ငံတွေက လက်ရှိသမတတွေ၊ ဒါမှမဟုတ်သမတ ဟောင်းတွေရဲ့လာဘ်စားမှုတွေကို ကိုင်တွယ်အရေးယူတာတွေ လုပ်ခဲ့တယ်။ ဘရာဇီးနဲ့ ဗင်နီဇွဲလားက တရားသူကြီးတွေဟာ လက်ရှိသမတတွေကို ရာထူးတာဝန်ကနေ ဖယ်ရှားနိုင်ရေး အရေးယူတဲ့နေရာမှာ အဓိကကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့တယ်။ ပီရူးနဲ့ အာဂျင်တီးနားမှာ တရားရုံးတွေဟာ နောက်ထပ်ရွေးကောက်ပွဲဝင်ဘို့ကြိုးစားတဲ့ လက်ရှိသမတတွေရဲ ့လုပ်ရပ်အပေါ် တရားဝင်မဝင် ဆုံးဖြတ်ခွင့် ရှိလာကြတယ်။ ဗင်နီဇွဲလားမှာ သမတရှာဗေးကသူ့အစိုးရကို ဆန့်ကျင်ပြီး အာဏာသိမ်းဘို့ ကြိုးစားတယ်ဆိုတဲ့စွပ်စွဲချက်နဲ့ စစ်တပ်အရာရှိတွေအပေါ် အပြစ်ပေးဘို့ ကြိုးစားတာကို တရားရုံးက လက်မခံခဲ့ဘူး။

တရားစီရင်ရေး လွတ်လပ်မှုကို ခိုင်ခိုင်မာမာကျင့်သုံးတဲ့ ဒီမိုကရေစီနိုင်ငံတွေမှာ တရားရုံးချုပ်တရားသူကြီးတဦးဦးကို ဖြုတ်ဘို့၊ ခန့်ဘို့ကိစ္စကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားတရားစီရင်ရေးဆိုင်ရာ ဥပဒေများနဲ့ အညီ အလေးအနက် စဉ်းစားကိုင်တွယ်ရတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၈၈ ခုနှစ်ကစလို့ ယခုအချိန်အထိဆိုရင် နအဖဟာ အငြိမ်းစားယူခွင့် ပြုလိုက်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ လက်ရှိတရားရုံးချုပ် တရားသူကြီး တဒါဇင်ကျော်ကို တယောက်ပြီးတယောက် ဖြုတ်ခဲ့တယ်။ ပြီးတော့ သူတို့စိတ်ကြိုက်ခေါင်းခေါက် ရွေးချယ်ထားတဲ့ တရားသူကြီးတွေနဲ့ ဘဲပေါ်ပေါ်ထင်ထင် ခန့်အပ်ခဲ့ပြန်တယ်။ တိုင်းပြည်မှာ အခုအချိန်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိတာကြောင့် တရားရုံးချုပ် တရားသူကြီးတွေဟာ မိမိတို့ရဲ့ရာထူးနေရာတည်မြဲမှုနဲ့လွတ်လပ်စွာတရားစီရင်နိုင်မှုအတွက် ဘာအကာအကွယ်မှ မရှိခဲ့ဘူး။ ပိုပြီးဆိုးတာက ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိတဲ့အပြင် တရားရုံးချုပ် တရားသူကြီးတွေကို ခန့်တဲ့ဖြုတ်တဲ့ ကိစ္စတွေကို တရားဝင်လုပ်ဆောင်နိုင်ဘို့အတွက် တရားစီရင်ရေးဆိုင်ရာ အခြားဥပဒေများထဲမှာလည်း ဘာပြဌာန်းချက်မှမပါဘူး ဆိုတာတွေ့ရတယ်။ ခန့်ခြင်တဲ့အချိန်မှာ ခန့်မယ်။ ဖြုတ်ခြင်တဲ့ အချိန်မှာဖြုတ်မယ်။ တရားစီရင်ရေးပိုင်းဆိုင်ရာရဲ ့ လွတ်လပ်မှု ဆိတ်သုဉ်းပျောက်ကွယ်နေတာ ဆယ်စုနှစ် အချို့တောင်ရှိနေပြီလို ့ပြောနိုင်ပါတယ်။ ဒီတော့ အရေးကြီးတဲ့ နိုင်ငံရေးကိစ္စရပ်တခုခုနဲ့ ပတ်သက်လို့တရားရုံးချုပ်ဟာ ဘယ်တုန်းကမှ နအဖ အစိုးရရဲ့သဘောထားနဲ့ဆန့် ကျင်ပြီး ဆုံးဖြတ်ခဲ့တာ မတွေ့ ရဘူး။

ဒါဖြင့်ရင် အထက်မှာတင်ပြခဲ့တဲ့ လက်တင်အမေရိက နိုင်ငံတွေရဲ့အတွေ့အကြုံမှာကျတော့ ဘာဖြစ်လို့တရားရုံးချုပ် တရားသူကြီးတွေဟာ သူတို့ကို စိတ်ကြိုက်ရွေးချယ်ခန့်အပ်ခဲ့တဲ့ သမတတွေရဲ့သဘောထားနဲ့ ဆန့်ကျင်ပြီး ဆုံးဖြတ်တာတွေ လုပ်ဆောင်လာခဲ့သလဲ။ လေ့လာဘို့ လိုအပ်တဲ့အရာ ဖြစ်လာပါတယ်။ အဲဒါကို ဥပဒေပညာရှင်တွေက မဟာဗျူဟာအရ လမ်းခွဲထွက်ခြင်း (Strategic Defection) ရယ်လို့ သတ်မှတ်ကြတယ်။

အကြောင်းတွေကတော့ အမျိုးမျိုးရှိကြပါတယ်။ အာဂျင်တီးနား နိုင်ငံရဲ့ အတွေ့အကြုံကို လေ့လာတဲ့အခါမှာတော့အံ့သြစရာကောင်းတဲ့ အချက်တရပ်ကို တွေ့ရတယ်။ အဲဒါက ဘာလဲဆိုတော့ အတိုက်အခံနိုင်ငံရေးပါတီတွေကနေတရားရုံးချုပ်အပေါ် အကြီးအကျယ် ဖိအားပေးတဲ့ ကိစ္စပါ။ တရားရုံးချုပ်တရားသူကြီးတွေအပေါ် ဖြုတ်ချတဲ့အဆင့်အထိ အရေးယူနိုင်ဘို့ အတိုက်အခံနိုင်ငံရေးပါတီတွေကနေ လူထုအင်အား အခြေခံနဲ့တင်သွင်းမှုတွေ လုပ်လာတဲ့အခါမှာ တိုင်းပြည်အုပ်ချုပ်နေတဲ့ လက်ရှိသမတဟာ သူ့သဘောထားအတိုင်း တရားရုံးချုပ်ကို ဆုံးဖြတ်ခိုင်းဘို့ အခက်အခဲနဲ့ ကြုံခဲ့ရကြောင်း လေ့လာရပါတယ်။ အဲဒီ အခါမှာ တရားရုံးချုပ်ဟာ မဟာဗျူဟာအရ လမ်းခွဲထွက်ပြီးသူ့ကိုလွှမ်းမိုးထားတဲ့ အစိုးရရဲ့သဘောထားနဲ့ ဆန့်ကျင်ပြီး ဥပဒေနဲ့ အညီ ဆုံးဖြတ်တာတွေ လုပ်ခဲ့တာပါဘဲ။ မြန်မာနိုင်ငံမှာတော့ တရားရုံးချုပ်အနေနဲ့ မဟာဗျူဟာအရ လမ်းခွဲထွက်အောင် ကြိုးပမ်းစွမ်းဆောင်မှုတွေ ထိထိရောက်ရောက် ဘာတခုမျှ မတွေ့ရသေးပါဘူး။ စုစုနွေးမှုခြင်းကို ဆုံးဖြတ်ခဲ့တဲ့ လက်အောက်ခံ မူလတရားရုံးတခုကတော့ ဒေသဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်အပေါ် အရေးယူခဲ့တာမျိုးရှိခဲ့တာကြောင့် မဟာဗျူဟာအရ တစုံတရာ လမ်းခွဲထွက်ခဲ့တယ်လို့ ပြောနိုင်ပါတယ်။

နိုဂုံးချုပ် အနေနဲ့ လွတ်လပ်တဲ့တရားစီရင်ရေးစနစ် အခြေခံကနေ အုပ်ချုပ်ရေးအာဏာပိုင်တွေရဲ့လုပ်ဆောင်ချက်တွေအပေါ် တရားစီရင်ရေးပိုင်းဆိုင်ရာက ပြန်လည်သုံးသပ်တဲ့ အခွင့်အာဏာ အပ်နှင်းကျင့်သုံးသွားမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် မွေးဖွားပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းသင့်တဲ့ အကြောင်းနဲ့၊ နအဖ ဖွဲ့စည်းပုံရဲ့မူတွေအရ ဆိုရင်တော့ တရားစီရင်ရေးစနစ်ဟာ လူထုအတွက် အားကိုးစရာအနေနဲ့ရပ်တည်လာမှာ မဟုတ်ဘဲ အုပ်ချုပ်ရေးအာဏာပိုင် ဖြစ်လာမယ့် စစ်ဗိုလ်သမတရဲ့လက်ခုပ်ထဲက ရေလိုဘဝနဲ့၊ ယခုထက်ပိုပြီး အခြေအနေဆိုးမှာသာ ဖြစ်တဲ့အကြောင်း၊ တင်ပြလိုက်ပါတယ်။